# ဂျပန်နိုင်ငံတွင်နေထိုင်သောနိုင်ငံခြားသားများသို့

မြန်မာဘာသာ（ビルマ語）

၂၀၁၂ခုနှစ် ဇူလိုင်လ ၉ရက်

**နေထိုင်မှုကြီးကြပ်ရေးစနစ်သစ်ကို ပြောင်းလဲကျင့်သုံးမှုအရ “နေထိုင်ခွင့်ကတ်ပြား” ကိုထုတ်ပေးမည်။**
**(နိုင်ငံခြားသားမှတ်ပုံတင်စနစ်ကိုဖျက်သိမ်းမည်ဖြစ်သည်)**

“နေထိုင်ခွင့်ကတ်ပြား”ထုတ်ပေးခြင်း

- ရည်ညွှန်းသူ : “၃လ”အထက်ပိုသောနေထိုင်ခွင့်ကာလ၏ နေထိုင်ခွင့်အဆင့်အတန်းအလိုက် ဂျပန်နိုင်ငံအတွင်း နေထိုင်သူအား ထုတ်ပေးမည်ဖြစ်သည်။
  - “ရက်တိုနေထိုင်ခြင်း” ဆိုသည့် နေထိုင်ခွင့်အဆင့်အတန်း၊ “နိုင်ငံခြားရေး” သို့မဟုတ် “အစိုးရကိစ္စ” စသည့် နေထိုင်ခွင့်အဆင့်အတန်း ရှိသောသူများအတွက် နေထိုင်ခွင့်ကတ်ပြားထုတ်မပေးပါ။
  - အထူးအမြဲတမ်းနေထိုင်ခွင့်ရရှိသူအား နေထိုင်ခွင့်ကတ်ပြားမဟုတ်သော “အထူးအမြဲတမ်းနေထိုင်ခွင့်ရသူထောက်ခံစာ”ကို ထုတ်ပေးမည်ဖြစ်ပါသည်။
- ရေးသွင်းမည့်အချက်များ : မျက်နှာဓာတ်ပုံ၊ အမည်၊ နိုင်ငံသား/ဒေသ၊ မွေးသက္ကရာဇ်၊ လိင်၊ နေထိုင်ခွင့်အဆင့်အတန်း၊ နေထိုင်ခွင့်ကာလနှင့် ကုန်ဆုံးမည့်ရက် အလုပ်ကန့်သတ်ထားခြင်း ရှိမရှိ စသည့် အချက်အလက်များ
- အကျုံးသက်ရောက်မှုကာလ

| | ၁၆နှစ်အထက် | ၁၆နှစ်အောက် |
|---|---|---|
| အမြဲတမ်းနေထိုင်ခွင့်ရှိသူ | ထုတ်ပေးသည့်နေ့မှစ၍ ၇ နှစ် | ၁၆နှစ်ပြည့်မွေးနေ့အထိ |
| အမြဲတမ်းနေထိုင်ခွင့်ရှိသူမှအပ | နေထိုင်ခွင့်ကာလကုန်ဆုံးသည့်နေ့အထိ | နေထိုင်ခွင့်ကာလ ကုန်ဆုံးသည့်နေ့မှ ၁၆နှစ်ပြည့်မွေးနေ့အကြားမှ စောလျှင်သော အချိန်ကာလ |

**ထုတ်ပေးမည့်နေရာ**

- ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး(NARITAနရီတာလေဆိပ်၊ HANEDAဟာနေဒါလေဆိပ်၊ CHUBU ချူးဘုလေဆိပ်နှင့် KANSAIကန်ဆိုင်းလေဆိပ်များတွင် ၂၀၁၂ခုနှစ် ဇူလိုင်လ ၉ရက်နေ့နောက်ပိုင်းမှစ၍ အလယ်အလတ်နှင့်ရေရှည် နေထိုင်ခွင့် သတ်မှတ်ချက် သဘော သက်ရောက်သည့် နေထိုင်ခွင့် အဆင့်အတန်းဖြင့်၊ အသစ်ဝင်ရောက်လာပါက ဝင်ရောက်လာချိန်တွင် ထုတ်ပေးမည်ဖြစ်သည်။ သို့သော် အခြားလေဆိပ်များမှ ဝင်ရောက်လာပါက နိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးနောက်တွင် မြို့၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရုံးတွင် တင်ပြထားသော နေထိုင်သည့် လိပ်စာသို့ မှတ်ပုံတင်စာစနစ်ဖြင့် စာတိုက်မှ ပေးပို့ပါမည်။ အသေးစိတ် အချက်အလက်များကို ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးရုံး၊ ရုံးခွဲ၊ ဆိုက်ရောက်ရုံးခွဲ စသည်တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။)
- နိုင်ငံခြားသားမှတ်ပုံတင်ကတ်ပြားမှ နေထိုင်ခွင့်ကတ်ပြားသို့လဲလှယ်ရန်အချိန်
  - နိုင်ငံခြားသားမှတ်ပုံတင်ကတ်ပြားသည် နေထိုင်ခွင့်ကတ်ပြားကို ထုတ်ပေးမည့် အချိန်သတ်မှတ်ထားသော အချိန်ကာလတစ်ခုအထိ နေရပ်လိပ်စာမှတ်ပုံတင်ခြင်း စသည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းရပ်

များတွင် နေထိုင်ခွင့်ကတ်ပြားကဲ့သို့ ယူဆ၍ရနိုင်ပါသဖြင့် နေထိုင်ခွင့်ကတ်ပြားသို့ ချက်ချင်း ပြောင်းလဲရန် မလိုအပ်ပါ။

- ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးဌာနတွင်နေထိုင်ခွင့်ကာလသက်တမ်းတိုးခွင့်ရသည့်အချိန်တွင်ကတ်ပြား အသစ်ကို ထုတ်ပေးမည်ဖြစ်ပါသည်။

  အမြဲတမ်းနေထိုင်သူဖြစ်ပြီးအသက်၁၆နှစ်ပြည့်ပြီးသူသည်၂၀၁၅ခုနှစ်၇လ၈ရက်နေ့မတိုင်မီ၊

  (မှတ်ချက်) အမြဲတမ်းနေထိုင်သူဖြစ်ပြီးအသက်၁၆နှစ်မပြည့်သေးသူသည် ၂၀၁၅ခုနှစ်၇လ၈ရက်၊

  သို့မဟုတ်၁၆နှစ်ပြည့်မွေးနေ့ရက် သို့မရောက်မီစောလျှင်သောနေ့ရက်အတွင်းတွင်

  နေထိုင်ခွင့်ကတ်ပြားနှင့်လဲလှယ်ရန်လိုအပ်သည်။

  (မှတ်ချက်)နေထိုင်ခွင့်အဆင့်အတန်း"အထူးလှုပ်ရှားမှု"ဖြင့်"၄နှစ်"သို့မဟုတ်"၅နှစ်"

  ရှိသောနေထိုင်ခွင့်ကာလဖြင့်နေထိုင်နေသူများလည်း၂၀၁၅ခုနှစ်၇လ၈ရက်နေ့မတိုင်မီ

  နေထိုင်ခွင့်ကတ်ပြားနှင့် လဲလှယ်ရန် လိုအပ်ပါသည်။

- အဆင်ပြေစေနိုင်မည့်အချက်များ

- နိုင်ငံကူးလက်မှတ်(ပတ်စပို့)နှင့် နေထိုင်ခွင့်ကတ်ပြားကို ယူဆောင်ကာ နိုင်ငံပြင်ပသို့ ထွက်ခွာသည့်အခါတွင် ၁ နှစ်အတွင်း၊ ထို့အပြင် အကျုံးဝင်နေသေးသည့်နေထိုင်ခွင့်ကာလအတွင်း နောက်တစ်ကြိမ် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်မည် ဆိုပါက (မှတ်ချက်) မူအားဖြင့် "ပြန်လည်ပြည်ဝင်ခွင့် ခွင့်ပြုချက်" ကိုရယူရန် မလိုအပ်ပါ။ ဤစနစ်ကို "ပြန်လည်ပြည်ဝင်ခွင့် ခွင့်ပြုချက်ဟု မှတ်ယူခြင်း" ဟုခေါ်ပါသည်။ သို့သော် အကျုံးဝင်နေသေးသည့်နေထိုင်ခွင့်ကာလအတွင်း ပြန်လည်ဝင်ရောက်ခြင်း မရှိပါက နေထိုင်ခွင့် အဆင့်အတန်းကို ဆုံးရှုံးမည်ဖြစ်ပါသည်။ ထို့အပြင် အကျုံးဝင်နေထိုင်ခွင့်ကာလကို နိုင်ငံခြားတွင် သက်တမ်းတိုးခြင်းပြုလုပ်၍ မရနိုင်ပါသဖြင့် သတိပြုစေလိုပါသည်။

(မှတ်ချက်)အထူးအမြဲတမ်းနေထိုင်ခွင့်ရထားသူသည် ၂ နှစ်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုပါက အကျုံးဝင်ပါသည်။

**နေထိုင်သူမှတ်တမ်းပြုလုပ်ခြင်း**

နေထိုင်ခွင့်ကတ်ပြား သို့မဟုတ် အထူးနေထိုင်ခွင့်ရသူထောက်ခံစာထုတ်ပေးခံရမည့်သူသည်၊ နိုင်ငံခြားသားနေထိုင်သူအဖြစ်ဖြင့် နေထိုင်ရာမြို့၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရုံးတွင် ဂျပန်လူမျိုးကဲ့သို့ နေထိုင်သူမှတ်တမ်းကို ပြုစုခြင်းခံရပါမည်။

- ရေးသွင်းမည့်အချက်များ

နိုင်ငံခြားသားနေထိုင်သူမှတ်တမ်းတွင်အမည်၊ မွေးသက္ကရာဇ်၊ လိင်၊ နေရပ်လိပ်စာအပြင် နိုင်ငံခြားသားအထူးဖြည့်စွက် ချက်အဖြစ် နိုင်ငံသား/ဒေသ၊ နေထိုင်ခွင့်အဆင့်အတန်း၊ နေထိုင်ခွင့်ကာလ စသည်တို့ကို မှတ်တမ်းတင်မည်ဖြစ်သည်။

- နေထိုင်သူမှတ်တမ်းထုတ်ယူနိုင်ခြင်း

ဂျပန်လူမျိုးကဲ့သို့ပင် မြို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရုံး၏ ကောင်တာတွင် နေထိုင်သူမှတ်တမ်း(သို့မဟုတ် နေထိုင်သူမှတ်တမ်းရေးသွင်းချက်ထောက်ခံစာ)ထုတ်ယူခွင့် ကို ရရှိပါမည်။

※နေထိုင်သူအခြေခံစာရင်းစနစ်၏ အသေးစိတ်အချက်အလက်များကို "နိုင်ငံခြားသားနေထိုင်သူဆိုင်ရာ နေထိုင်သူအခြေခံစာရင်းစနစ်နှင့်ပတ်သက်၍ (ဝန်ကြီးချုပ်ရုံး)ကို ကြည့်ရှုပါ။ ကိုးကားရန် HP :

http://www.soumu.go.jp/main_sosiki/jichi_gyousei/c-gyousei/zairyu.html

မှတ်ပုံတင်ခြင်း • လျှောက်ထားရန်လိုအပ်မည့်အခြေအနေ

| မှတ်ပုံတင်ခြင်း • လျှောက်ရန်လိုအပ်မည့်အခြေအနေ | လျှောက်ထားမှုပြုလုပ်ရန်နေရာ |
|---|---|
| ၁။ နေရပ်လိပ်စာသစ်ကိုသတ်မှတ်ထားမည့်အချိန့် သို့မဟုတ် နေရပ်လိပ်စာကိုပြောင်းလဲမည့်အချိန်၊ (ပြောင်းရွှေ့လာကြောင်းတင်ပြချက်(၁)၊ အိမ်ပြောင်းရန် တင်ပြချက်(၁)၊ ပြောင်းရွှေ့သွားကြောင်းတင်ပြချက်(၂)။<br>(၁) နေထိုင်ခွင့်ကတ်ပြား၊ အထူးအမြဲတမ်းနေထိုင်ခွင့်ရသူ ထောက်ခံစာ (သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင် ကတ်ပြား) ကို ယူဆောင်လာစေလိုပါသည်။<br>(၂) အခြားမြို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာသို့ အိမ်ပြောင်းမည် ဆိုပါက၊ နေထိုင်ခဲ့သောမြို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ တွင် အိမ်ပြောင်းရွှေ့သွားကြောင်း တင်ပြထားရန် လို အပ်ပါသည်။ | မြို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရုံး |
| ၂။ အမည်၊ နိုင်ငံသား/ဒေသစသည်တို့ကို ပြောင်းလဲခဲ့ပါက | ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး |
| ၃။ နေထိုင်ခွင့်ကတ်ပြားကို ပျောက်ဆုံးခြင်း၊ သုံးစွဲ၍ မရနိုင်အောင် ညစ်ပေစေခဲ့ပါက | |
| ၄။ «အမြဲတမ်းနေထိုင်ခွင့်ရှိသူ • ၁၆နှစ်အောက်»<br>• နေထိုင်ခွင့်ကတ်ပြား၏ အကျိုးသက်ရောက်မှုကာလ ကုန်ဆုံးသည်ဆိုပါက | |
| ၅။ «အလုပ်လုပ်ကိုင်ခွင့်အဆင့်အတန်း(အချို့မပါဝင်ပါ)၊ ပညာတော်သင်နှင့် "လေ့ကျင့်ရေးကျောင်းသား"»<br>• အပါအဝင်အလုပ်ခန့်ထားသော အဖွဲ့အစည်း၊ ပညာရေး အဖွဲ့အစည်း စသည့် သက်ဆိုင်ရာအဖွဲ့အစည်း၏ အမည် ပြောင်း၊ နေရာပြောင်း၊ ကုမ္ပဏီဖျက်သိမ်းခြင်း၊ ငှားရမ်း စာချုပ်ပြီးဆုံး၊ ငှားရမ်းစာချုပ်သစ်ကို ချုပ်ဆိုခြင်း စသည် တို့ကို ပြုလုပ်ခဲ့မည်ဆိုပါက | တင်ပြချက်ကို ဒေသဆိုင်ရာလူဝင်မှုကြီးကြပ် ရေးရုံးသို့ ယူဆောင်လာရန်။<br>သို့မဟုတ် တိုကျိုလူဝင်မှုကြီးကြပ်ရေးရုံးသို့ စာတိုက်မှ ပေးပို့ပါရန်။ |
| ၆ «အိမ်ထောင်ဖက်အဖြစ်ဖြင့် "မိသားစု နေထိုင်ခြင်း"၊ | |

| | |
|---|---|
| "အထူးလုပ်ရှားမှု"၊ "ဂျပန်လူမျိုး၏ အိမ်ထောင်ဖက် စသည်တို့"နှင့် "အမြဲတမ်းနေထိုင် ခွင့်ရှိသူ၏ အိမ်ထောင်ဖက် စသည်" နေထိုင်ခွင့် အဆင့်အတန်းကို ရရှိပြီး နေထိုင်သူ»<br>• အဆိုပါ အိမ်ထောင်ဖက်နှင့် ပြတ်စဲ၊ သို့မဟုတ် အိမ်ထောင်ဖက်ကသေဆုံးခဲ့ပါက | |

နိုင်ငံခြားဘာသာဖြင့် စုံစမ်းမေးခြင်း။ အသေးစိတ်အချက်အလက်များကို စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ● နိုင်ငံခြားသားနေထိုင်ခြင်းအတိုင်ပင်ခံဗဟိုဌာန<br>တနင်္လာနေ့မှ သောကြာနေ့အထိ/. ၈:၃၀–၁၇:၁၅<br>● ဖုန်း ၀၅၇၀–၀၁၃၉၀၄ | အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ စပိန်၊ ပေါ်တူဂီ |
| ● တစ်ကြိမ်တည်းဖြေကြားသောစနစ်ဖြင့် အတိုင်ပင်ခံဗဟိုဌာန<br>တနင်္လာနေ့မှ သောကြာနေ့အထိ/ ၉:၀၀–၁၆:၀၀<br>နိုင်ငံခြားသားအတိုင်ပင်ခံဗဟိုဌာန (SHINJUKU ရှင်ဂျူခု)<br>၀၃–၃၂၀၂–၅၅၃၅<br>နိုင်ငံခြားသားအတိုင်ပင်ခံဗဟိုဌာန(SAITAMA စိုင်းတမ)<br>၀၄၈–၈၃၃–၃၂၉၆<br><br>(HAMAMATSU ဟာမမတ်ဆု) တစ်ကြိမ်တည်းဖြေကြားသောစနစ်ဖြင့် နိုင်ငံခြားသားအတိုင်ပင်ခံဗဟိုဌာန<br>၀၅၃–၄၅၈–၁၅၁၀<br>HP: http://www.immi-moj.go.jp/info/index.html | တယ်လီဖုန်း၊ လူကိုယ်တိုင် လာရောက် စုံစမ်းမေးမြန်းမှုများအတွက် ဂျပန်ဘာသာစကားသာမက အောက်ဖော်ပြပါ ဘာသာစကားဖြင့်လည်း ဖြေကြားပေးပါသည်။<br>ဖြေကြားပေးမည့်ဘာသာစကားမှာ နေ့အလိုက် ခွဲခြားထားပါသဖြင့် အသေးစိတ်ကို HPတွင် ကြည့်ရှုနိုင်ပါသည်။<br>(SHINJUKU ရှင်ဂျူခု) အင်္ဂလိပ်၊ တရုတ်၊ စပိန်၊ပေါ်တူဂီ၊ အင်ဒိုနီးရှား၊ ဘင်္ဂါလီ၊ ဗီယက်နမ်<br>(SAITAMA စိုင်းတမ) အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ စပိန်၊ ပေါ်တူဂီ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်<br>(HAMAMTSU ဟာမမတ်ဆု) အင်္ဂလိပ်၊ တရုတ်၊ စပိန် ၊ပေါ်တူဂီ၊ ဖိလစ်ပိုင် |

တရားရေးဝန်ကြီးဌာနလူဝင်မှုကြီးကြပ်ရေးရုံး (နေထိုင်မှုကြီးကြပ်ရေးစနစ်သစ်နှင့်ပတ်သက်၍)

http://www.immi-moj.go.jp/newimmiact_1/index.html

※ အင်္ဂလိပ်၊ တရုတ်၊ ကိုရီးယား၊ စပိန်၊ ပေါ်တူဂီဘာသာဖြင့် ရေးသားသည်။

ဘာသာပြန်ကူညီမှု၊ နိုင်ငံတော်မှတည်ထောင်သောတက္ကသိုလ်အဖွဲ့အစည်း၊ တိုကျိုနိုင်ငံခြားဘာသာသင်တက္ကသိုလ်